# စစ်ကိုင်းမြို့ ညောင်ကုန်းကျေးရွာရှိ ရွှေလှောင် စက္ကူလုပ်ငန်းအား လေ့လာခြင်း

ခင်သန္တာကျော်[1]

## စာတမ်းအကျဉ်း

ရွှေလှောင်စက္ကူလုပ်ငန်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တဲကြီး ကျေးရွာအုပ်စု၊ ညောင်ကုန်းမြောက်အရပ်တွင် တည်ရှိပါသည်။ စက္ကူလုပ်ငန်းကို ညောင်ကုန်း ရွာတွင် အိမ်ခြေ(၃၀)ခန့် လက်ရှိလုပ်ကိုင်လျက်ရှိပါသည်။ ဝင်ငွေကောင်းသောလုပ်ငန်း မဟုတ်သော်လည်း မိမိတို့ငယ်စဉ်ကတည်းက အကျွမ်းဝင်ခဲ့ပြီး သမာအာဇီဝကျသော မိသား စုအသက်မွေးဝမ်းကျောင်း အလုပ်ဖြစ်ခြင်း၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်ခြင်းကြောင့် ဗုဒသာသနာ တော်အား မိမိတို့ တတ်စွမ်းသလောက် ပညာဖြင့် ကုသိုလ်ပါဝင်ခွင့်ရသည်ဖြစ်၍ တန်ဖိုးထား လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။ မိဘဘိုးဘွားများ၏ အမွေအနှစ်ပညာများကို အဆင့်ဆင့် လက်ဆင့်ကမ်းလေ့လာ သင်ယူ၍ အစဉ်အဆက်လုပ်ကိုင်ခဲ့သော မိသားစု တစ်ပင်တစ်နိုင် လုပ်ငန်းဖြစ်ပါသည်။ မတည်ရင်းနှီးငွေ (၈)သိန်းခန့်ဖြင့် လည်ပတ်လျက် ရှိပါသည်။ စပါးပင် မှရရှိသော ကောက်ရိုးများသည် ရွှေလှောင်စက္ကူလုပ်ငန်းတွင် အဓိကကုန်ကြမ်း ဖြစ်ပါသည်။ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းဖြစ်သောကြောင့် အနည်းလူဦးရေ (၂)ယောက် (သို့) (၃) ယောက်ဖြင့်လုပ်ကိုင်နိုင်ပါသည်။ ညောင်ကုန်းရွာတွင် နေထိုင်ကြသော ရွာသူရွာသားအများ စုသည် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေများတွင် ပန်းပင်၊ စားပင်များစိုက်ပျိုးခြင်း လုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသော်လည်း ဘိုးဘွားအမွေအနှစ်ဖြစ်သော ရွှေလှောင်စက္ကူ လုပ်ငန်းကို တစ်ဖက်တစ်လှမ်းမှလည်း လုပ်ကိုင်လျက်ရှိကြပါသည်။ ရွှေဘိုနယ်ဘက်မှထွက် ရှိသောကောက်ရိုးများ၊ မဖောက်ထုံးနှင့် ထင်းတုံးကြီးများသည် အဓိကကုန်ကြမ်းများ ဖြစ်ပါ သည်။ ၄င်းတို့ကို အသုံးပြု၍ ကောက်ရိုးပျော့ဖတ်များ (ဒေသအခေါ်အမိုက်များ) ရရှိလာပါ သည်။ ရရှိလာသောပျော့ဖတ်များမှ (၁၀)ကျပ်သားသွင်း ရွှေလှောင်စက္ကူနှင့် (၃၀)ကျပ်သား သွင်းဒဏ်ခံစက္ကူ (သနပ်စက္ကူ)များကို ပြုလုပ်လျက်ရှိပါသည်။ လိုအပ်သောကုန်ကြမ်းများကို ဒေသအတွင်းတွင် ဝယ်ယူအသုံးပြုလျက်ရှိပါသည်။ ရရှိလာသော စက္ကူများကို မန္တလေးမြို့၊ မျက်ပါးရပ်သို့ ရွှေလှောင်စက္ကူ အချပ်(၁၀၀)ပါသော အစည်းတစ်စည်း လျှင် (၁၆၀၀၀)ကျပ်၊ ဒဏ်ခံစက္ကူ (သနပ်စက္ကူ) ၅လက်မခွဲပတ်လည် အချပ်(၁၀၀)ပါသော အစည်းတစ်စည်းလျှင် (၁၂၀၀)ကျပ်နှုန်းဖြင့် ပေးပို့ရောင်းချလျက်ရှိပါသည်။

နည်းပြ၊ သင်္ချာဌာန၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)

# နိဒါန်း

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူဦးရေ တိုးတက်များပြားလာမှုအပေါ် မူတည်၍ မိမိတို့၏ဘဝရှင်သန်မြင့်မားရန်၊ ဝမ်းရေးအတွက် ဖူလုံမှုရှိစေရန် လုပ်ငန်းပေါင်းစုံကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူဦးရေသည်လည်း အခြားနိုင်ငံများနည်းတူ အရှိန်အဟုန်မပျက် တိုးတက်များပြားလျက်ရှိရာ တိုးတက်လျက်ရှိသော လူဦးရေအလိုက် စီးပွားရေးလုပ်ငန်းများကို အကျယ်တဝင့် လုပကိုင်လာကြပါသည်။ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို အကျယ်တဝင့် လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံ၏စီးပွားရေးသည် အခြားနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်မည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းသည် အမိမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူတစ်ခု ဖြစ်ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများစွာရှိသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ နိုင်ငံအတွင်းရှိ လူဦးရေအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့် ဘာသာရေးလုပ်ငန်းများနှင့် သာသနာပြုလုပ်ငန်းများကို အထူးအလေးပေး လုပ်ဆောင်လျက် ရှိကြပါသည်။ ထို့အတူ ဘုရား၊ ပုထိုး၊ စေတီများကို သက်ဝင်ယုံကြည် ကိုးကွယ်ကြပါသည်။ ဗုဒ္ဓဘာသာဝင်များသည် ဘုရား၊ ပုထိုး၊ စေတီများကို ရွှေသင်္ကန်းများ၊ ရွှေဆိုင်းများ ကပ်လှူပူဇော်လေ့ရှိကြပါသည်။ ရွှေဆိုင်းများ ပြုလုပ်ရာတွင် အဓိကအနေဖြင့် ရွှေလှောင်စက္ကူများ ပါရှိပါသည်။ အဆိုပါစက္ကူများရရှိအောင် ပြုလုပ်ရသောလုပ်ငန်းသည် မြန်မာ့လက်မှု အနုပညာတစ်ခုပင် ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ကမ္ဘာနှင့်အဝန်း ယှဉ်ပြိုင်နေရသည့်အချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုအနုပညာ လုပ်ငန်းများသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သို့ဖြစ်၍ လက်မှုအနုပညာ တစ်ရပ်ဖြစ်သော ရွှေလှောင်စက္ကူလုပ်ငန်းသို့သွား ရောက်လေ့လာ တင်ပြခြင်းဖြစ်ပါသည်။ ရွှေလှောင်စက္ကူလုပ်ငန်းသည် အမြင်တွင် လွယ်ကူသည်ဟု ထင်ရသော်လည်း လက်တွေ့ပြုလုပ်ရာ၌ တစ်ဆင့်ချင်းစီတွင် အချိုးအစား ကောင်းမွန်မှန်ကန်မှသာလျှင် စက္ကူအချပ်ကောင်းများ ရရှိပြီး ဈေးကွက်ဝင်မည် ဖြစ်ပါသည်။

ရွှေဆိုင်းများတွင်ပါရှိသော ရွှေလှောင်စက္ကူများသည် ကောက်ရိုးများမှ ရရှိလာခြင်းကို သိရှိစေရန်၊ မြန်မာ့လက်မှု အနုပညာများ၏တန်ဖိုးကို ယနေ့ခေတ်လူငယ်များ သိရှိနားလည်ပြီး တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်နှင့် ကျေးရွာများရှိ မြန်မာအမျိုးသမီးများ မိမိနေအိမ်တွင် အိမ်မှုကိစ္စများပြုလုပ်ရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် ရည်ရွယ်၍ လေ့လာထားပါသည်။

## နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော် ထွန်းပရာဒေသဖြစ်ခြင်းကြောင့် သာသနာ့အလံတော်ဖြစ်သော သင်္ကန်း၏ဝင်းဝါသော အရောင်ကိုယူ၍ စေတီ၊ ပုထိုး ရုပ်ပွားဆင်းတုတော်များနှင့်တကွ သာသနိက အဆောက်အအုံကြီးများကို ရွှေချသောအလေ့အထသည် ရှေးယခင်ကပင် ရှိခဲ့ပါသည်။ ပဂံခေတ်မရောက်မီ ပျူခေတ်က ရွှေကိုပေရွက်ကဲ့သို့ ပါးလွှာအောင်ခတ်၍ မှတ်တမ်းများရေးသားခဲ့ကြခြင်း ဖြစ်ပါသည်။ ဘုရား၊ပုထိုး ရုပ်ထုသစ်စေးထည်များကို ရွှေရောင်တင်ရန် (သို့မဟုတ်)ရွှေချရန်အတွက် ရွှေအစစ်ကို အလွန်ပါးလပ်သောအလွှာကလေးများအဖြစ် ပြုလုပ်ပြင်ဆင်ထားသည့် ရွှေမှုံလွှာကို ရွှေမျက်ပါးဟုခေါ်ပါသည်။ ရွှေမျက်ပါးကို ရွှေချရန်သာမဟုတ် ဆေးဖော်စပ်ရာတွင်လည်း အသုံးပြုသည်။

အမျက်ရတနာလုပ်ငန်းတစ်ရပ်ဖြစ်သော ရွှေဆိုင်းလုပ်ငန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သုခုမအနုပညာတစ်ရပ် ဖြစ်ပါသည်။ ရွှေမျက်ပါးခတ်သည့် လုပ်ငန်းကို မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်း ၃၀၀ ခန့်က စတင်လုပ်ကိုင်ခဲ့ကြသည်ဟု ယူဆရပါသည်။ ဆင်ဖြူရှင်မင်းသည် ယိုးဒယားနိုင်ငံကို အောင်မြင်ခဲ့စဉ်က ခေါ်ယူခဲ့သည့်သုံ့ပန်းများအနက် အနုပညာသည်များပါရှိခဲ့သည်။ အနုပညာသည် များထဲတွင် ရွှေခတ်ပညာရှင်များ ပါရှိခဲ့ရာမှစ၍ မြန်မာနိုင်ငံ၌ ရွှေမျက်ပါးခတ်လုပ်ငန်း စတင်လုပ်ကိုင် ခဲ့ကြခြင်းဖြစ်ပါသည်။ အချို့ကလည်း ရွှေမျက်ပါးခတ်လုပ်ငန်းသည် ရှမ်းပြည်မှ မြန်မာပြည်သို့ ပြန့်ပွားလာသည်ဟု ဆိုကြပါသည်။ ယိုးဒယားတို့ထံမှ ရွှေခတ်အတတ်ကို ရှမ်းဆရာ ဆရာမွန်ကရရှိ၍ ဆရာမွန်မှတဆင့် မြန်မာတို့အား သင်ကြားပေးသဖြင့် တတ်မြောက်ခဲ့သည်ဟုဆိုပါသည်။ အကြောင်းရင်းမှာ ရွှေခတ်သမားများသည် ယနေ့ထက်တိုင် ဆရာမွန်နှင့် ကွယ်လွန်ပြီးသော ရွှေခတ်ဆရာကြီးများအား ရွှေခတ်သောအခန်းတွင် ပူဇော်ကြသည့် အလေ့ကို တွေ့မြင်ရသောကြောင့်ဖြစ်ပါသည်။ ရှေးအခါကပင် စတင်တတ်မြောက်သည် ဆိုသော်လည်း ကုန်းဘောင်ခေတ်နှောင်းမင်းတုန်းမင်းတရားကြီး လက်ထက်တွင် မင်းကြီးသည် ရွှေမျက်ပါးခတ်ရန် ခန့်ထားသော ပညာသည်များ လုပ်ကိုင်နေထိုင်ရန် ရပ်ကွက်တစ်ခုရွေးချယ်ပေးပြီး ဟေမမာလာမျက်ပါးရပ် ဟုခေါ်တွင်စေပြီး ယနေ့တိုင် မန္တလေးမြို့တွင် ထင်ရှားလျက်ရှိပါသည်။

ရွှေဆိုင်းအတွက် အသုံးပြုရသော စက္ကူအမျိုးအစားအလိုက် ရွှေစက္ကူ၊ လင်းစက္ကူ၊ သနပ်၊ ရွှေလှောင်စက္ကူဟူ၍ ခေါ်ကြပါသည်။ ရွှေဆိုင်း(ရွှေမျက်ပါး) ပြုလုပ်ရာတွင် မရှိမဖြစ် အသုံးပြုရသော စက္ကူတစ်မျိုးဖြစ်သည့် ရွှေလှောင်စက္ကူလုပ်ငန်း၏ သမိုင်းကြောင်းကို လေ့လာမည်ဆိုပါက ရွှေဆိုင်း(ခေါ်) ရွှေမျက်ပါးပြုလုပ်သည့် အချိန်ကပင်စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ရှေးအခါက ရွှေဆိုင်းပြုလုပ်သူများသည် လုပ်ငန်းခွင်တွင် အသုံးပြုရသော စက္ကူများကို ကိုယ်တိုင် အိမ်တွင်းလက်မှုအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြသည်။ထိုမှတစ်ဆင့် ရွှေဆိုင်းပြုလုပ်ရာတွင် အသုံးပြုရသော စက္ကူတစ်မျိုးဖြစ်သည့် သနပ်၊ရွှေလှောင်စက္ကူလုပ်ငန်းကို လွန်ခဲ့သောနှစ်ပေါင်း (၂၀၀)ကျော်ကပင် စစ်ကိုင်းမြို့နယ်၊ ညောင်ကုန်းရွာတွင် ပြုလုပ်ခဲ့ကြပါသည်။ ရှေးရိုးစဉ်ဆက်ကတည်းက လက်ဆင့်ကမ်းခဲ့ကြသော လက်မှုပညာတစ်မျိုးဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် ညောင်ကုန်းကျေးရွာသည် စစ်ကိုင်းမြို့၏ အနီးအနားတွင်တည်ရှိပြီး သွားလာရေးအဆင်ပြေသော ရွာတစ်ရွာဖြစ်ပါသည်။ တဲကြီး ကျေးရွာအတွင်းတွင် တဲကြီး၊ ညောင်ကုန်း၊ ကျောင်းတော်ကြီး၊ ကနားတော်၊ ဂုံညင်းထောင်၊ တာတိုင်၊ နေပူကုန်း၊ သပြေပင်တို့ပါဝင်ပါသည်။ ထိုရွာများထဲတွင် ညောင်ကုန်းကျေးရွာ သည် အိမ်ခြေအများဆုံးဖြစ်ပါသည်။ ညောင်ကုန်းကျေးရွာသည် စစ်ကိုင်းမြို့ အနောက်ဘက် (၂)မိုင်အကွာ ဧရာဝတီမြစ်၏ မြောက်ဘက်တွင် တည်ရှိပါသည်။ ညောင်ကုန်းကျေးရာသည် ၁၅၉၇ ဧကကျယ်ဝန်း ပါသည်။

## လုပ်သားအင်အားအခြေအနေ

ရွှေလှောင်စက္ကူ လုပ်ငန်းသည် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်း ဖြစ်သောကြောင့် အနည်းဆုံးလူဦးရေ(၂)ဦး (သို့မဟုတ်) (၃)ဦးဖြင့်လည်း လုပ်ကိုင်နိုင်ပါသည်။ တစ်ဦးသည် ပိတ်ကားချပ်ပေါ်တွင် ကောက်ရိုးပျော့ဖတ်ရည်များ လောင်းထည့်၍ ပိတ်ကားချပ်ကို ဖော်ယူရ သော တာဝန်ကို လုပ်ဆောင်ရပါသည်။ ကျန်တစ်ဦးသည် ပိတ်ကားချပ်များကို နေလှန်း၍ ခြောက်သွားသောအခါတွင် ခွာယူရသောတာဝန်ကို လုပ်ဆောင်ရပါသည်။ လိုအပ်လျှင် နေ့စားအလုပ်သမားများကို ခေါ်ယူလုပ်ကိုင်ကြပါသည်။ ပြုတ်ပေါင်းထားသော ကောက်ရိုး များကို ရေဆေးရန်အတွက် တစ်ယောက်လျှင် (၃၀၀၀)ကျပ်နှုန်းဖြင့် အလုပ်သမား(၄)ယောက် ငှါးရပါသည်။ ကောက်ရိုးများကို ထုံးသိပ်သောအခါတွင် တစ်ရက်လျှင် (၄၀၀၀)ကျပ်ဖြင့် (၁)ယောက် ငှါးရပါသည်။ ထို့အတူ မောင်းထောင်းသောအခါတွင်လည်း (၁)ယောက်လျှင် (၃၀၀၀)ကျပ်ဖြင့် (၃)ယောက်ငှါးရပါသည်။

## အသုံးပြုသောပစ္စည်းကိရိယာများ

- အုတ်ကန်
- ပေါင်းအိုး
- ခြင်းတောင်း
- မောင်းဆုံ (ပိန္နဲမြစ်တုံးဖြင့်ပြုလုပ်)
- သစ်သားဒလက်
- ခွာတံ (မန်ကျည်းအနှစ် သို့မဟုတ် ပိတောက်အနှစ်ဖြင့် ပြုလုပ်သည်)

- ကားချပ် (အလျား ၃ပေ၉လက်မ အနံ ၂ပေ၃လက်မ အမြင့် ၂လက်မရှိသော ၁/၂၀ ချည်ပိတ်စိမ်းပါးကို ဝါးတုတ်ထိုး၍ ဘောင်ကြပ်ရန် အလျား(၄)ပေါက်၊ အနံ(၃) ပေါက်စီ ဖောက်၍ ဘောင်နှင့်တွဲကပ် ချည်တုတ်ထားသောပိတ်ကားချပ် )

- သစ်သားရေကန် (အလျား ၄ပေ၈လက်မ၊ အနံ ၃ပေ၄လက်မ၊ အမြင့် ၇လက်မ )

- မွေခွက်

- သနပ်ခုံ (ထုထည် ၁လက်မ၊ အလျား× အနံ ၈လက်မ ရှိသောသံပြင်ထည့်ထားသော သစ်သား တုံး)

- သနပ်တုတ် (ရှောက်ချို သို့မဟုတ် မာလကာသားဖြင့် ပြုလုပ်ထားသောတုတ် )

**ကုန်ကြမ်းပစ္စည်းများဝယ်ယူခြင်း**

အသုံးပြုသော အဓိက ကုန်ကြမ်းများမှာ ကောက်ရိုး၊ မဖောက်ထုံး နှင့်ထင်းတို့ ဖြစ်ပါသည်။ ကောက်ရိုးများကို ရွှေဘိုနယ်မှ ထွက်ရှိသောကောက်ရိုးကိုသာ ဝယ်ယူအသုံး ပြုပါသည်။ ရေဘိုနယ်မှ ကောက်ရိုးများသည် မာ၍အနှစ်ရသောကြောင့် ဖြစ်ပါသည်။ ကောက်ရိုးတစ်ထုံးလျှင် (၂၀၀)ကျပ်နှုန်းဖြင့် ဝယ်ယူရပါသည်။ မဖောက်ထုံးတစ်အိတ်လျှင် (၃၀၀၀)ကျပ်နှုန်းဖြင့် စစ်ကိုင်းမြို့အတွင်းမှသာ ဝယ်ယူအသုံးပြုပါသည်။ ထော်လာဂျီကား အသေးတစ်စီးလျှင် (၂၀၀၀၀)ကျပ်နှုန်းဖြင့် ထင်းတုံးကြီးများကိုသာ ရွေးချယ်၍ အနီးအနား ရွာများမှ ဝယ်ယူအသုံးပြုလျက်ရှိပါသည်။

**ကောက်ရိုးပျော့ဖတ် (ဒေသအခေါ် အမှိုက်)များ ရရှိလာပုံအဆင့်ဆင့်**

ရှေးဦးစွာ ကောက်ရိုးထုံးများကို နေလှန်းပါသည်။ နေလှန်းထားသော ကောက်ရိုးများ ကို ရေနှင့် မဖောက်ထုံးဖျော်ထားသော ကျောက်ကန်ထဲတွင် ကောက်ရိုးတစ်ထပ်၊ မဖောက်ထုံး တစ်ထပ်ဖြင့် ခြေထောက်နှင့်နင်း၍ ထည့်သိပ်ထားရပါသည်။ ကျောက်ကန်အပေါ်တွင် ထင်းတုံးကဲ့သို့ လေးလံသောပစ္စည်းများဖြင့် ဖိသိပ်ထားရပါသည်။ ၁၀ရက်ခန့်မှ တစ်လခန့် အထိ ထည့်သိပ်ထားနိုင်ပါသည်။ ထို့နောက် ပေါင်းအိုး (ထင်းထိုးရန်အပေါက်ချန်၍ အုတ်အင်္ဂတေဖြင့် ပတ်ထားသော မီးဖိုပေါ်ရှိ မိုးဗြဲဒယ်အိုးပေါ်တွင် ဝါးခွေကို ဘိလပ်မြေဖြင့် ပတ်ပတ်လည်သုတ်၍ ပြုလုပ်ထားသည်)ထဲတွင် တစ်နေကုန် မီးမပြတ်စေရန် (၂၄)နာရီ တစ်ရက်ကြာသည်အထိ ပြုတ်ပေါင်းပေးရပါသည်။ ရေလိုအပ်လျှင် ရေထည့်ပေးရပါသည်။ ကောက်ရိုးများကို ပြုတ်သောအချန် ကြာလေလေ အလေအလွင့် နည်းလေလေ ဖြစ်ပါသည်။ အငွေ့လုံစေရန် ရေစွတ်ထားသော ပီနံအိတ်များဖြင့် ပေါင်းအိုးပေါ်မှ အုပ်ထားပေးရပါသည်။

ပြုတ်ထားသော ကောက်ရိုးများကို ပေါင်းအိုးထဲတွင် ၂ရက်ခန့် နှပ်ထားရပါသည်။ နှပ်ထားသော ကောက်ရိုးများအား ဆယ်ယူ၍ (၃)ရက်ခန့် အအေးခံထားရပါသည်။ အအေးခံထားသော ကောက်ရိုးများကို ထုံးချေးများနှင့် အမှိုက်များ စင်ကြယ်စေရန် လှည်းများပေါ်တင်၍ မြစ်ဆိပ်သို့ ရေဆေးပေးရပါသည်။ ရေဆေးရာတွင် ခြင်းတောင်းနှစ်ခုဖြင့် ထုံးချေးများ ပြောင်သည်အထိ ခြေထောက်နှင့် နင်းချေ၊ လက်ဖြင့် နာနာပွတ်ဆေးပေးရပါသည်။ ထုံးချေးများပြောင်လျှင် အိမ်သို့သယ်ယူ၍ နေပူတွင်လှန်းပေးရပါသည်။

ခြောက်သွားသော ကောက်ရိုးများကို သိုလှောင်သိမ်းဆည်း ထားနိုင်ပါသည်။ မောင်းဆုံတွင် ထောင်းရမည့်အချိန်တွင် သိမ်းဆည်းထားသော ကောက်ရိုးများထဲမှ မနပ်သော ကောက်ရိုးခြောက်များနှင့် အမှိုက်များကို ရွေး၍သန့်စင်ပေးရပါသည်။ သန့်စင်ထားသော ကောက်ရိုးများကို ရေနှင့်မစိမခြောက်နှပ်ထားရပါသည်။ နှပ်ထားသော ကောက်ရိုးများကို မောင်းဆုံထဲတွင် ထည့်ထောင်းရပါသည်။ မောင်းထောင်းရာတွင် (၃)ယောက်သည် မောင်းထောင်း၍ (၂)ယောက်သည် ဘေးသို့ဖိတ်စင်သော ကောက်ရိုးများကို မောင်းခွက်ထဲသို့ ဖို့ထည့်ပေးရပါသည်။ နနက်(၈)နာရီမှ ညနေ(၅)နာရီအထိ သစ်သားမောင်းဆုံထဲတွင် ကျေညက်သည်အထိ အပြန်အလှန် ထောင်းပေးရပါသည်။ ညက်သွားသော ကောက်ရိုးပျော့ဖတ်များ (ဒေသအခေါ်အမှိုက်များ)ကို စဉ့်အိုးထဲတွင် ရေမြုပ်သည်အထိထည့်၍ ခြေထောက်နှင့်နင်းကာ မပျော့မမာနှပ်ထားရပါသည်။ ရရှိလာသော ပျော့ဖတ်(အမှိုက်)များကို (၁၀)ကျပ်သားသွင်းရွှေလှောင်စက္ကူနှင့် (၃၀)ကျပ်သားသွင်းဒဏ်ခံစက္ကူ (သနပ်စက္ကူ)များ ပြုလုပ်ရာတွင်အသုံးပြုပါသည်။





| | |
|---|---|
| နေလှန်းထားသောကောက်ရိုးများ | ထုံးတစ်ထပ်ကောက်ရိုးတစ်ထပ်သိပ်ထားသော ကောက်ရိုး |



ကောက်ရိုးပြုတ်ရာတွင် အသုံးပြုသောထင်းတုံးများ





ထုံးသိပ်ထားသောကောက်ရိုးများကို ပေါင်းအိုးထဲတွင် ပြုတ်နေပုံ






ပြုတ်ထားသောကောက်ရိုးများကို
အအေးခံထားပုံ

ထုံးချေးများသနပ်စင်ထားသောကောက်ရိုး





သနပ်စင်ထားသောကောက်ရိုးများအား မောင်းထောင်းနေပုံ



ကောက်ရိုးမှရရလာသောပျော့ဖတ်များ



အလျား ၄ပေ၈လက်မ၊ အနံ ၃ပေ၄လက်မ၊အမြင့် ၇လက်မရှိသောသစ်သားရေကန်

**ရွှေလောင်စက္ကူပြုလုပ်ပုံအဆင့်ဆင့်**

အလျား(၄ပေ၈လက်မ)၊ အနံ(၃ပေ၄လက်မ)၊ အမြင့်(၇လက်မ)ရှိသော သစ်သားရေကန်ထဲတွင် ရေထည့်ထားရပါသည်။ ကောက်ရိုးပျော့ဖတ် (၁၀)ကျပ်သားလုံးကို မွှေခွက်ထဲတွင်ရေထည့်၍ သစ်သားဒလက်ဖြင့် မွှေရပါသည်။ ထို့နောက် ရေထည့်ထားသော သစ်သားရေကန်ထဲတွင် အလျား (၃ပေ၉လက်မ)၊ အနံ(၂ပေ၃လက်မ)၊ အမြင့်(၂လက်မ) ရှိသောပိတ်ကားချပ်ကိုထည့်၍ မွှေထားသော ကောက်ရိုးပျော့ဖတ်ရည်များကို လောင်းထည့်ကာ ပိတ်ကားကို ဖြည်းညင်းစွာဖော်ရပါသည်။ ပိတ်ကားများကို နေပူတွင်လှန်းရပါသည်။ ပိတ်ကားများ ခြောက်သွားလျှင် ခွာတံနှင့်ခွာယူ၍ ခေါက်ပေးရပါသည်။ ဤသို့ဖြင့် ရွှေလောင်စက္ကူများ ရရှိပါသည်။ ၄င်းကို ရွှေဆိုင်းပြုလုပ်ရာတွင် အသုံးပြုပါသည်။





ပျော့ဖတ်များကိုဒလက်ဖြင့်မွှေနေပုံ

ကားချပ်ပေါ်တွင်ပျော့ဖတ်ရည်များလောင်းထည့်နေပုံ




ကားချပ်ကိုဖြည်းညင်းစွာ ဖော်ယူနေပုံ



ကောက်ရိုးပျော့ဖတ်ရည် လောင်းထည့်ထားသော ကားချပ်များကိုနေလှန်းထားပုံ



ဇလက်မခန့်ရှိသော(မန်ကျည်းနှစ် သို့ ပိတောက်နှစ်ဖြင့်ပြုလုပ်)ခွာတံ



ခြောက်သွားသောစက္ကူချပ်များကို
ခွာတံဖြင့်ခွာယူနေပုံ



ခေါက်ထားသောရွှေလှောင်စက္ကူချပ်များ

**ဒဏ်ခံစက္ကူ (သနပ်စက္ကူ) ပြုလုပ်ပုံအဆင့်ဆင့်**

အလျား(၄ပေ၈လက်မ)၊ အနံ(၃ပေ၄လက်မ)၊ အမြင့်(၇လက်မ) ရှိသော သစ်သားရေကန်ထဲတွင် ရေထည့်ထားရပါသည်။ ကောက်ရိုးပျော့ဖတ် (၃၀)ကျပ်သားလုံးကို မွှေခွက်ထဲတွင် ရေထည့်၍ သစ်သားဒလကဖြင့်မွှေရပါသည်။ ထို့နောက် ရေထည့်ထားသော သစ်သားရေကန် ထဲတွင် အလျား(၃ပေ၉လက်မ)၊ အနံ(၂ပေ၃လက်မ)၊ အမြင့်(၂လက်မ) ရှိသောပိတ်ကားချပ်ကို ထည့်၍ မွှေထားသော ကောက်ရိုးပျော့ဖတ်ရည်များကို လောင်းထည့်ကာ ပိတ်ကားကို ဖြည်းညင်းစွာဖော်ရပါသည်။ ပိတ်ကားများကို နေပူတွင်လှန်းရပါသည်။ ရရှိလာသော စက္ကူချပ်များကို (၅) လက်မခွဲပတ်လည်ဖြတ်၍ အခြောက်(၁၈)ချပ်တွင် ရေအစို (၁)ချပ်နှုန်းဖြင့် အပေါ်မှအဝတ်ပတ်ကာ အလေးဖိထား၍ တစ်ညနှပ်ထားရပါသည်။ နောက်တနေ့ နံနက်စောစောတွင် ထုထည် (၁လက်မ)၊ အလျား× အနံ (၈လက်မ)ရှိသော သံပြင်ထည့်ထားသည့် သနပ်ခုံပေါ်တွင်တင်၍ စောင်းမြောင်းများ ဖော်ထားသောသနပ်တုတ်ဖြင့် ပုံဖော်ရိုက်ပေးရပါသည်။ ရိုက်ချက်စိတ်လျှင် ရွှေသွင်းရာတွင် ပိုမိုကောင်းမွန်စေပါသည်။ ဤသို့ဖြင့် ဒဏ်ခံစက္ကူ(သနပ်စက္ကူ)များ ရရှိလာပါသည်။ ၄င်းကို ရွှေပွားပြုလုပ်ရာတွင် အသုံးပြုပါသည်။



သနုပ်ခုံနှင့်သနုပ်တုတ်



သနုပ်ရိုက်နေပုံ



ရိုက်ထားပြီးသောဒဏ်ခံစက္ကူ(သနုပ်စက္ကူ)

**ဈေးကွက်ရှာဖွေခြင်းနှင့်ဈေးနှုန်းသတ်မှတ်ခြင်း**

ရရှိလာသောရွှေလှောင်စက္ကူနှင့် ဒဏ်ခံစက္ကူ(သနပ်စက္ကူ)များကို မန္တလေးမြို့ရှိ ရွှေဆိုင်းများပြုလုပ်သော မျက်ပါးရပ်သို့ သွားရောက်ပေးပို့ ရောင်းချပါသည်။ အမှာစာ ရှိလျှင်လည်း ပေးပို့ရပါသည်။ ရွှေလှောင်စက္ကူအချပ် (၁၀၀)ပါရှိသော အစည်းတစ်စည်းလျှင် (၁၆၀၀၀)ကျပ်နှုန်းဖြင့်ပ ့ရပြီး ဒဏ်ခံစက္ကူ(သနပ်စက္ကူ) ၅လက်မခွဲအရွယ်အချပ် (၁၀၀)ချပ် ပါသော အစည်းတစ်စည်းလျှင်(၂၀၀)ကျပ်၊ ၁၀စည်းလျှင် (၁၂၀၀၀)ကျပ်နှုန်းဖြင့် ပေးပို့ရပါ သည်။ ဒဏ်ခံစက္ကူများသည် လက်ရာကောင်းလျှင် ဈေးနှုန်းပိုရပါသည်။

**ကောက်ရိုးပေါင်းအိုးတစ်အိုးအတွက် အသုံးပြုသောကုန်ကြမ်း**

- ကောက်ရိုးထုံး = ၈၀ထုံး
- မဖောက်ထုံး = ၂အိတ်
- ထင်းတုံးကြီး = ထော်လာဂျီအသေး ၁စီး

**ကောက်ရိုးပေါင်းအိုးတစ်အိုးမှ ရရှိသောကုန်ချော**

- **ရွှေလှောင်စက္ကူ**
  တစ်စည်းလျှင်အချပ်(၁၀၀)ပါသောအစည်း(၁၅)စည်း
- ဒဏ်ခံစက္ကူ(သနပ်စက္ကူ)
  တစ်စည်းလျှင်အချပ်(၁၀၀)ပါသောအစည်း(၅)စည်း

**ကောက်ရိုးပေါင်းအိုးတစ်အိုးအတွက် ကုန်ကျသောကုန်ကျစရိတ်များ**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | နှုန်း(ကျပ်) | အရေအတွက် | သင့်ငွေ(ကျပ်) |
|---|---|---|---|---|---|
| ၁။ | ကောက်ရိုးထုံး | ထုံး | ၂၀၀ | ၈၀ | ၁၆၀၀၀ |
| ၂။ | မဖောက်ထုံး | အိတ် | ၃၀၀၀ | ၂ | ၆၀၀၀ |
| ၃။ | ထင်းတုံးကြီး | စီး | ၂၀၀၀၀ | ၁ | ၂၀၀၀၀ |
| ၄။ | ကောက်ရိုးဆေးခ | ယောက် | ၃၀၀၀ | ၄ | ၁၂၀၀၀ |
| ၅။ | ထုံးသိပ်ခ | ယောက် | ၄၀၀၀ | ၁ | ၄၀၀၀ |
| ၆။ | လှည်းဖြင့်သယ်ခ | စည်း | ၆၀၀၀ | ၁ | ၆၀၀၀ |
| ၇။ | မောင်းထောင်းခ | ယောက် | ၃၀၀၀ | ၃ | ၉၀၀၀ |

# နိဂုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် နိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူမျိုးအားလုံးတို့၏ မရှိမဖြစ်အဓိက အရေးပါသော အစားအစာသည် ဆန်ဖြစ်သောကြောင့် စပါးကို အဓိကစိုက်ပျိုးကြပါသည်။ စပါးမှရရှိလာသော ကောက်ရိုးကို နွားစာအဖြစ်လည်း ကောင်း၊ လူတို့နေထိုင်ရာအိမ်၏ အမိုး(သက်ကယ်) အဖြစ်လည်းကောင်း အသုံးပြုလျက်ရှိပါ သည်။ ထို့အပြင် ကောက်ရိုးသည် မြန်မာတို့၏ အထွဋ်အမြတ်ဖြစ်သော ဘုရား၊ ပုထိုး၊ စေတီများကို ကပ်လှူသော ရွှေဆိုင်းတွင် မရှိမဖြစ်ပါရှိသော ရွှေလှောင်စက္ကူ ပြုလုပ်ရာ၌ အဓိကကုန်ကြမ်း အဖြစ်ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ပြည်ပမှကုန်ပစ္စည်းများကို ဝယ်ယူရန်မလိုဘဲ ပြည်တွင်း၊ ဒေသတွင်းတွင်ရှိသော ကုန်ကြမ်းများကို အသုံးပြုလျက်ရှိ ပါသည်။ စက္ကူပြုလုပ်ရာတွင် အသုံးပြုသော ကိရိယာပစ္စည်းများသည်လည်း ဒေသထွက် သစ်ပင်ကြီးများမှရရှိ၍ မြန်မာ့လက်မှုပညာများဖြင့် ပြုလုပ်ထားသော ပစ္စည်းများဖြစ်ပါ သည်။ မိသားစု တစ်ပိုင်တစ်နိုင် လုပ်ငန်းဖြစ်သောကြောင့် အလုပ်သမားများခန့်အပ်၍ စီမံ ခန့်ခွဲရန်မလိုသည်ကို တွေ့ရှိရပါသည်။ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ငွေပိုငွေလျှံရရှိနိုင်သော လုပ်ငန်းဖြစ်သည်ကို တွေ့ရှိရပါသည်။

ကမ္ဘာပေါ်တွင် ဗုဒ္ဓအယူဝါဒ သက်ဝင်ယုံကြည်သော နိုင်ငံများအနက် မြန်မာနိုင်ငံ သည် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန် အများဆုံးဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်များလည်း အများဆုံး နေထိုင်ရာနိုင်ငံ ဖြစ်ပါသည်။ ဗုဒ္ဓဆင်းတုတော်များအား ရွှေဆိုင်းကပ်လှူပူဇော်ခြင်း သည် ယနေ့တိုင် မြန်မာလူမျိုးတို့၏ အမွန်မြတ်ဆုံးသော အလှူတစ်မျိုးဖြစ်သည်။ ဗုဒ္ဓ ဘာသာ ရေရှည်တည်တံ့ထွန်းကားနေသမျှ ရိုးရာယဉ်ကျေးမှုနှင့်အတူ ဤလုပ်ငန်းသည် လည်း ဒွန်တွဲရှင်သန်နေအုံးမည် ဖြစ်ပါသည်။ ထို့ကြောင့် ရွှေလှောင်စက္ကူလုပ်ငန်းများကို ပြုလုပ်သူများက သားသမီးများအား အိမ်တွင်းလက်မှု အသက်မွေးဝမ်းကြောင်းနိုင်ရန် လက်ဆင့်ကမ်းပညာပေး လုပ်ကိုင်လျက်ရှိပါသည်။ သို့သော် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုလုပ်ငန်းများ ထွန်းကားနေသဖြင့် လက်မှုအစားစက်မှုဖြင့် အစားထိုးပြောင်းလဲ ပြုလုပ်ပါက ကျေးလက်လက်မှုအနုပညာများ ပျောက်ကွယ်သွားနိုင်သဖြင့် စိုးရိမ်ဖွယ်ရှိပါ သည်။ သို့ဖြစ်၍ ဘိုးဘွားအစဉ်အဆက် လုပ်ကိုင် ခဲ့သော အနုပညာအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး လက်မှုပညာများကို ယခုထက် ပိုမိုကောင်းမွန်လာ အောင် တီထွင်ကြံဆလုပ်ကိုင်ခြင်းဖြင့် ကမ္ဘာကအသိအမှတ်ပြုသည် အထိကြိုးစားလုပ် ဆောင်သွားသင့်ပါသည်။

## ကျမ်းကိုးစာရင်း

(၁) မြန်မာ့ရိုးရာလုပ်ငန်းဆယ်ပွင့်ပန်း ဒဂုန်နတ်ရှင်
(၂) မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# သမဝါယမဦးစီးဌာန
# သမဝါယမတက္ကသိုလ်(စစ်ကိုင်း)

## ၂၀၁၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်

## “ စစ်ကိုင်းမြို့၊ ညောင်ကုန်းကျေးရွာရှိ ရေလှောင်စက္ကူ လုပ်ငန်းအားလေ့လာခြင်း”

စာတမ်းပြုစုသူ
ဒေါ်ခင်သန္တာကျော်
နည်းပြ
သင်္ချာဌာန

၂၀၁၆ ခုနှစ်၊ ဇွန်လ (၃၀) ရက်